## သားအိမ်ခေါင်းကင်ဆာ ရှိ၊မရှိ ပုံမှန်စစ်ဆေးခြင်းဖြင့် အသက်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ပါသည်။

### သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့်ကို စစ်ဆေးနိုင်သော နည်းလမ်းများမှာ . . .

- သားအိမ်ခေါင်း အခွဲအမြှေးကို စစ်ဆေးခြင်း (PAP Smear)
- အက်စစ်တစ် အက်ဆစ်ဖြင့် မျက်မြင်ကြည့်ရှုစစ်ဆေးခြင်း (Visual Inspection with Acetic Acid / VIA)
- သားအိမ်ခေါင်းကင်ဆာဖြစ်စေသော ရောဂါပိုး HPV DNA ရှိ၊ မရှိ စစ်ဆေးခြင်း



ကနဦးစစ်ဆေးမှုအဖြေတွင်သားအိမ်ခေါင်းကင်ဆာ မတွေ့ရှိလျှင်လည်း နောက်ထပ် (၅)နှစ်ကြာလျှင် ထပ်မံစစ်ဆေးသင့်ပါသည်။

### အသက် (၃၀)မှ(၄၉)နှစ် အသက်အရွယ် ရှိသည့် လိင်ဆက်ဆံဖူးသူ အမျိုးသမီးတိုင်း သားအိမ်ခေါင်းကင်ဆာကို စစ်ဆေးသင့်ပါသည်။

ရောဂါအကြိုအဆင့်၌ စစ်ဆေးသိရှိပြီး စနစ်တကျကုသမှု ခံယူပါက ပျောက်ကင်းနိုင်ပါသည်။

သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့်ဖြစ်ပွားမှု ရှိကြောင်း စစ်ဆေးတွေ့ရှိပါက ကင်ဆာရောဂါ ဖြစ်နိုင်ချေရှိသော အနာနေရာရှိ တစ်ရှူးအသားစကို ဖျက်ဆီးခြင်း (သို့) ဖြတ်တောက်ဖယ်ထုတ်သော နည်းလမ်းဖြင့် လုံးဝပျောက်ကင်းအောင် ကုသနိုင်ပါသည်။

## သားအိမ်ခေါင်းကင်ဆာကြောင့် အသက်မဆုံးရှုံးစေရန်




**“အားလုံးစုပေါင်းအားနဲ့ သားအိမ်ခေါင်းကင်ဆာကို ကာကွယ်တိုက်ဖျက်နိုင်ပါတယ်။”**

World Health Organization
Myanmar

# သားအိမ်ခေါင်းကင်ဆာ ကာကွယ်ကုသပါ

သားအိမ်ခေါင်းကင်ဆာ ရှိ ၊ မရှိ ပုံမှန်စစ်ဆေးခြင်း၊ ရောဂါကို စောလျှင်စွာ သိရှိပြီး ချက်ချင်း ကုသမှုခံယူခြင်းတို့ဖြင့် လုံးဝပျောက်ကင်းအောင် ကုသနိုင်ပါသည်။



### သားအိမ်ခေါင်းကင်ဆာဆိုတာ ဘာလဲ?

သားအိမ်ခေါင်းကင်ဆာသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများတွင် ဖြစ်ပွားသော ကင်ဆာရောဂါများအနက် ဖြစ်ပွားမှု အများဆုံးကင်ဆာ တစ်မျိုးဖြစ်သည်။

သားအိမ်ခေါင်းပတ်လည်မှ ဆဲလ် (ကလပ်စည်း) များ အလွန်အကျွံ ပွားများလာခြင်းကြောင့် သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်ပါသည်။

သားအိမ်ခေါင်းကင်ဆာရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် အမျိုးသမီးများစွာ သေဆုံးနေကြရပါသည်။

**သားအိမ်ခေါင်းကင်ဆာအများစုသည် အိတ်ချ်ပီဗီပိုး ခေါ် လိင်အင်္ဂါကြွက်နို့ရောဂါပိုး (Human papilloma virus) ကူးစက်ခံရခြင်းနှင့် ဆက်နွယ်မှုရှိသည်။**

## သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားစေနိုင်သော အကြောင်းရင်းများမှာ . . .



အသက်ငယ်ရွယ်စဉ် စောစီးစွာ အိမ်ထောင်ပြုခြင်း / လိင်ဆက်ဆံမှုရှိခြင်း



လိင်ဆက်ဆံဖော်များခြင်း

လိင်နှင့်ပတ်သက်သော ရောဂါများရှိသည့် ယောကျ်ားနှင့် လိင်ဆက်ဆံခြင်း







ခုခံအားကျဆင်းမှု ရောဂါရှိခြင်း

မိန်းမကိုယ်နှင့် သားအိမ်ခေါင်းတွင် ကြွက်နို့များပေါက်ခြင်း၊ ရေယုန်ပေါက်ခြင်း



ဆေးလိပ်သောက်ခြင်း

## သားအိမ်ခေါင်းကင်ဆာ၏ ရောဂါလက္ခဏာများမှာ



မိန်းမကိုယ်မှ အဖြူဆင်းခြင်း၊ ပုပ်နံသော အရည်များဆင်းခြင်း



မိန်းမကိုယ်မှ ပုံမှန်မဟုတ်ဘဲ သွေးဆင်းခြင်း



လိင်ဆက်ဆံအပြီးတွင် သွေးဆင်းခြင်း၊ နာကျင်ခြင်း



ဆီးစပ်နှင့် ခါး နာကျင်ကိုက်ခဲခြင်း၊ ဆီးထဲသွေးပါခြင်း၊ ဆီးသွားရခက်ခဲခြင်း

သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ပွားရန် နှစ်ပေါင်းများစွာကြာမြင့်ပြီး ရောဂါအစောပိုင်း လက္ခဏာများကို သတိမမူဘဲဖြစ်နေတတ်ပါသည်။

## သားအိမ်ခေါင်းကင်ဆာသည် ကြိုတင်ကာကွယ်နိုင်သော ရောဂါဖြစ်ပါသည်။

အသက်(၉)နှစ်မှ (၁၄)နှစ် အတွင်းမိန်းကလေးများအား ကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် သားအိမ်ခေါင်းကင်ဆာကို ကာကွယ်ပါ။





အသက်ငယ်ရွယ်စဉ် လိင်ဆက်ဆံခြင်းကို ရှောင်ကြဉ်ပါ။

လိင်ဆက်ဆံဖော် များခြင်းကို ရှောင်ကြဉ်ပါ။



တစ်လင် တစ်မယားစနစ် ကျင့်သုံးပါ။

**သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့်ဖြစ်ပွားနေခြင်း ရှိ၊ မရှိ ပုံမှန်စစ်ဆေးပါ။**

